# မြန်မာနိုင်ငံသားအတွက် ကောင်စစ်ဆိုင်ရာကိစ္စရပ်များ

၁။ **နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်း**

မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့၌ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရန် လျှောက်ထားလာသူများသည် လုပ်ငန်းအဆင်ပြေ မှန်ကန်ချောမွေ့စေရန်အတွက် အောက်ပါစာရွက်စာတမ်းများကို တင်ပြပေးရန်လိုအပ်ပါသည်-

(က) **ဝင်ငွေခွန်ထမ်းဆောင်သော သူများ**

- ကိုယ်တိုင်ရေးလျှောက်လွှာ
- သက်တမ်းတိုးပုံစံ
- ကိုယ်ရေးရာဇဝင်ပုံစံ
- နိုင်ငံကူးလက်မှတ် (မူရင်းနှင့် မိတ္တူ)
- ဓာတ်ပုံ (၂)ပုံ
- ဘယ်လ်ဂျီယံနိုင်ငံတွင် နေထိုင်ခွင့်ကဒ်(Stay Permit)/ အလုပ်လုပ်ကိုင်ခွင့်ကဒ် (Work Permit)(မိတ္တူ)
- သက်တမ်းတိုးကြေး ယူရို(၂၀)

(ခ) **မှီခိုသူများ**

- ကိုယ်တိုင်ရေးလျှောက်လွှာ
- သက်တမ်းတိုးပုံစံ
- ကိုယ်ရေးရာဇဝင်ပုံစံ
- နိုင်ငံကူးလက်မှတ် (မူရင်းနှင့် မိတ္တူ)
- ဓာတ်ပုံ (၂)ပုံ
- ဘယ်လ်ဂျီယံနိုင်ငံတွင် နေထိုင်ခွင့်ကဒ်(Stay Permit)(မိတ္တူ)
- လက်ထပ်စာချုပ် (မိတ္တူ)
- ခင်ပွန်း၏ နိုင်ငံသားမှတ်ပုံတင် ( ID Card )(မိတ္တူ)
- သက်တမ်းတိုးကြေး ယူရို(၂၀)

(ဂ) **ကျောင်းသား**

- ကိုယ်တိုင်ရေးလျှောက်လွှာ
- သက်တမ်းတိုးပုံစံ
- ကိုယ်ရေးရာဇဝင်ပုံစံ
- နိုင်ငံကူးလက်မှတ် (မူရင်းနှင့် မိတ္တူ)
- ဓာတ်ပုံ (၂)ပုံ
- ဘယ်လ်ဂျီယံနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနမှ ထုတ်ပေးထားသော နေထိုင်ခွင့် ကဒ်/ ကျောင်းသားကဒ်(မိတ္တူ)

- သက်ဆိုင်ရာ ကျောင်းမှကျောင်းသားဖြစ်ကြောင်း ထောက်ခံစာ
- သက်တမ်းတိုးကြေးယူရို (၂၀)

၂။ **မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးခြင်း/ပျက်စီးခြင်း၊ သက်တမ်းကျော်လွန်ခြင်းနှင့် မြန်မာနိုင်ငံသားပြန်လည်ခံယူလိုသူများ**

(က) **နိုင်ငံကူးလက်မှတ် ပျက်စီး/ပျောက်ဆုံးခြင်း**

နိုင်ငံကူးလက်မှတ် ပျက်စီး/ပျောက်ဆုံးသွားပါက မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေး အဖွဲ့သို့ ပြန်လည်တင်ပြပြီး ခွင့်ပြုချက်တောင်းခံရန် လိုအပ်ပါသည်။

- ကိုယ်တိုင်ရေး လျှောက်လွှာ
- ကိုယ်ရေးရာဇဝင်ပုံစံ
- နိုင်ငံသား မှတ်ပုံတင်(မိတ္တူ)
- မြန်မာနိုင်ငံကူးလက်မှတ် (မိတ္တူ)
- သက်ဆိုင်ရာ နယ်မြေရဲစခန်း ထောက်ခံစာ
- ဓာတ်ပုံ (၂)ပုံ
- ဒဏ်ကြေး ယူရို(၆၀)

(ခ) **သက်တမ်းကျော်လွန်ခြင်း**

မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းကျော်လွန်သွားပါက မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သို့ ပြန်လည်တင်ပြရန် လိုအပ်ပါသည်။

- ကိုယ်တိုင်ရေး လျှောက်လွှာ
- ကိုယ်ရေးရာဇဝင်ပုံစံ
- မြန်မာနိုင်ငံကူးလက်မှတ် (မူရင်းနှင့် မိတ္တူ)
- နိုင်ငံသား မှတ်ပုံတင်(မိတ္တူ)
- ဘယ်လ်ဂျီယံနိုင်ငံ နေထိုင်ခွင့်ကဒ်(Stay Permit) (မိတ္တူ)
- သက်တမ်းတိုးကြေး ယူရို (၂၀)
- နိုင်ငံကူးလက်မှတ် သက်တမ်းပြတ်တောက်ခြင်းအတွက် ဒဏ်ကြေးငွေ တစ်နှစ်လျှင် ယူရို (၆၀)

(ဂ) **မြန်မာနိုင်ငံသား ပြန်လည်လျှောက်ထားခြင်း**

နိုင်ငံသားဟောင်းများအနေဖြင့် မြန်မာနိုင်ငံသား ပြန်လည်ခံယူလိုသော အခါ အောက်ပါ စာရွက်စာတမ်းများနှင့် လာရောက် လျှောက်ထားရန် လိုအပ်ပါသည်-

- ကိုယ်တိုင်ရေးလျှောက်လွှာ
- ကိုယ်ရေးရာဇဝင်ပုံစံ
- အခြားနိုင်ငံသားအဖြစ်မှ စွန့်လွှတ်ကြောင်း ဝန်ခံကတိပြုလွှာ

ထိုသို့ လျှောက်ထားလာမှုအား မြန်မာသံရုံးမှ သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ဆက်လက် အကြောင်းကြားသွားရန်လိုအပ်မည်ဖြစ်ပါသည်။

## ၃။ ကိုယ်စားလှယ်လွှဲအပ်ခြင်းဆိုင်ရာ ထောက်ခံစာများ

သက်တမ်းရှိယာဥ်မောင်းလိုင်စင်၊ မွေးစာရင်း၊ အောင်လက်မှတ်၊ ဘွဲ့လက်မှတ်၊ လက်ထပ်စာချုပ်၊ အိမ်ထောင်စုစာရင်းများအား မြန်မာနိုင်ငံရှိ နိုတြီပြန်ဆိုချက်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ထောက်ခံချက်များရယူ၍ တင်ပြလျှောက်ထားပါက သံရုံးမှ ဆက်လက်ထောက်ခံစာ ထုတ်ပေး မည်ဖြစ်ပါသည်။

- နိုင်ငံကူးလက်မှတ်(မိတ္တူ)
- ဘယ်လ်ဂျီယံနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနမှ ထုတ်ပေးထားသော နေထိုင်ခွင့် ကဒ်/ကျောင်းသားကဒ်(မိတ္တူ)
- ဘာသာပြန် ထောက်ခံချက် တောင်းခံသည့် စာရွက်စာတမ်းမူရင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထပ်ဆင့်ထောက်ခံထားသော နိုတြီဘာသာပြန်ဆိုချက်
- ထောက်ခံစာကြေး (၂၅ ယူရို)

## ၄။ တစ်ကြိမ်တစ်ခါသုံး မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်လျှောက်ထားခြင်း ( Certificate of Identity- CofI)

ရေမျောကမ်းတင် ဒုက္ခသည်များ၊ ပြစ်ဒဏ်ကျခံ၍ လွတ်မြောက်လာသူများနှင့် နိုင်ငံကူးလက်မှတ်မရှိဘဲ မြန်မာနိုင်ငံသို့ အပြီးလိုသော မြန်မာနိုင်ငံသားများ၊ နိုင်ငံခြားသားမိဘ တစ်ဦးနှင့် မွေးဖွားလာသည့် ကလေးများအတွက် တစ်ကြိမ်တစ်ခါသုံး မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity- CofI)လျှောက်ထားနိုင်ပါသည်။

အထက်ဖော်ပြပါ လျှောက်ထားသည့် ကိစ္စများကို မြန်မာသံရုံးမှတစ်ဆင့် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သို့ ဆက်လက်ရည်ညွှန်းပေးပို့၍ ခွင့်ပြုချက် တောင်းခံရမည် ဖြစ်ပြီး ခွင့်ပြုချက်ရမှသာသံရုံးမှ ထုတ်ပေးနိုင်မည် ဖြစ်ပါသဖြင့် ကြိုတင်လျှောက်ထားရန် လိုအပ်ပါသည်။

- တစ်ကြိမ်တစ်ခါသုံး မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်လျှောက်လွှာ (သံရုံး၏ ဝက်ဘ်ဆိုဒ်တွင် ရယူနိုင်ပါသည်)
- ကိုယ်တိုင်ရေးလျှောက်လွှာ
- ကိုယ်ရေးရာဇဝင်ပုံစံ
- မြန်မာနိုင်ငံကူးလက်မှတ်(မိတ္တူ)
- ဓာတ်ပုံ(၂)ပုံ
- နေထိုင်ခွင့်ကဒ်(မိတ္တူ)
- မြန်မာနိုင်ငံသားဖြစ်ကြောင်းသက်သေခံ အထောက်အထား (နိုင်ငံသားမှတ်ပုံတင် မိတ္တူ)
- တစ်ကြိမ်တစ်ခါသုံး မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်ခ(၄၅ ယူရို)